**ရန်ကုန်ပရိုတက်စတင့်ပြန်လည်ပြုပြင်သောအသင်းတော်**
**Yangon Protestant Reformed Church**
**တနင်္ဂနွေစာစောင်**

နေ့စွဲ - ၈. ၁၁. ဝ၉

# ဘုရားသခင်၏ပဋိညာဉ်အား အသင်းတော်ထဲတွင်စောင့်ရှောက်ခြင်း
(Keeping God's Covenant in the Church, Prof. Herman Hanko)

## အသင်းတော်နှင့်ပဋိညာဉ်ဆက်နွယ်မှု

ကျမ်းစာအတိုင်းကြည့်ရင် အသင်းတော်အကြောင်းနဲ့ပဋိညာဉ်အမှန်တရားတို့ကြားမှာ အရမ်းနီးကပ်လှတဲ့ ဆက်နွယ်မှုကို တွေ့ရပါတယ်။ ပိုပြီးလက်တွေ့ကြတဲ့စကားလုံးနဲ့ပြောရရင် ဘုရားသခင်ရဲ့ သူ့လူတွေထံမှာပြုပေးတဲ့ပဋိညာဉ်ကို စောင့်ရှောက်ထိန်းသိမ်းပေးတာရယ်၊ သူ့အသင်းတော်ကို ဒီလောကကြီးထဲမှာ တည်ထောင်ပြီး ထိန်းသိမ်းစောင့်ရှောက်တာရယ်ကြားမှာ အရမ်းကိုနီးကပ်လှတဲ့ ဆက်နွယ်မှု ရှိနေတယ်ဆိုတာကို တွေ့ရပါတယ်။ ပြီးတော့ ကျွန်တော်တို့ရဲ့ ပဋိညာဉ်စောင့်ရှောက်သူများအနေနဲ့ ပြုလုပ်ရမဲ့တာဝန်တွေရယ်၊ သခင်ယေရှုခရစ်တော်ရဲ့အသင်းတော်အပေါ်မှာ ကျွန်တော်တို့ထားရှိရမဲ့ တာဝန်ဝတ္တရားတွေဟာ အရမ်းကို နီးစပ်လှပါတယ်။ နီးစပ်လွန်းလို့ အသင်းတော်သာမရှိရင် ခရစ်တော်အားဖြင့် သူ့လူတွေထံမှာ ပြုတော်မူတဲ့ ကျေးဇူးတော်ပဋိညာဉ်ဟာ သမိုင်းထဲမှာ လက်တွေ့ဖြစ်လာနိုင်မှာ မဟုတ်ဘူးလို့ပြောရင် သက်သက်မဲ့ချဲ့ကားပြောနေတာ မဟုတ်ပါဘူး။ ဘုရားသခင်ဟာ သူ့ရဲ့ပဋိညာဉ်ကို သခင်ခရစ်တော်ရဲ့အသင်းတော်အားဖြင့် တည်ထောင်ပြီး၊ ထိန်းသိမ်းတော်မူပါတယ်။ အထူးသဖြင့် ဒီကမ္ဘာပေါ်မှာတည်ရှိနေတဲ့ အသင်းတော်အားဖြင့် ဖြစ်ပါတယ်။

ဘုရားသခင်ဟာ သူ့အတွက်အသင်းတော်ကို သခင်ခရစ်တော်ထဲမှာ ရွေးကောက်တော်မူပါတယ်။ ရှင်ပေါလုဟာ ဧဖက်သြဝါဒစာကိုရေးတဲ့အခါမှာ၊ အသင်းတော်ကို သူနဲ့အတူ ကမ္ဘာမတည်မရှိမီကထဲက သူတို့ကို သခင်ခရစ်တော်ထံမှာ ရွေးကောက်တော်မူတဲ့ ဘုရားသခင်ကို ချီးမွမ်းကြဖို့ ခေါ်ဖိတ်နေပါတယ် (ဧဖက် ၁း၄)။ ခရစ်တော်နဲ့အသင်းတော်ဟာ တခုတည်းကိုအရမ်းဖြစ်နေလို့၊ အသင်းတော်ဆိုတာကို ထည့်မပြောဘဲ ခရစ်တော်ဆိုတာကို ပြောလို့မရအောင်ဘဲဖြစ်ပါတယ်။ အသင်းတော်မရှိရင် ခရစ်တော်လဲ မရှိပါဘူး။ ခရစ်တော်မရှိရင် အသင်းတော်လဲ မရှိနိုင်ပါဘူး။ သူတို့ဟာ တစ် ဖြစ်ပါတယ်၊ အတူတကွ ဘုရားသခင်ရွေးကောက်တော်မူပါတယ်။

ကျမ်းစာက အသင်းတော်ဆိုတာ ခရစ်တော်၌ တစ် ဖြစ်တယ်လို့ပြောတဲ့အခါ၊ ပဋိညာဉ်စကားကိုသုံးပြီး ပြောနေတာဖြစ်တယ်။ ကျမ်းစာက ကျွန်တော်တို့ဟာ ခရစ်တော်ရဲ့ကိုယ်ခန္ဓာ လို့ပြောပါတယ်။ ကျွန်တော်တို့ရဲ့ အသက်တာတခုလုံး သူ့ထံကနေလာပါတယ်။ ကျွန်တော်တို့ဟာ သူပိုင်သောသူများ ဖြစ်သလို၊ သူ့ကိုလဲ ကျွန်တော်တို့က ပိုင်ပါတယ်။

ခရစ်တော်နဲ့သူ့လူများ အသင်းတော်ထဲမှာ ညီညွတ်နေခြင်းဟာ၊ ဘုရားသခင်ရဲ့ပဋိညာဉ် သူ့လူတွေထံမှာပြုတာ လက်တွေ့ပေါ်ထွက်လာခြင်းဘဲဖြစ်ပါတယ်။

## ဓမ္မဟောင်းကာလအစ္စရေးဖြင့်ပုံဆောင်

ပဋိညာဉ်နဲ့အသင်းတော်ဟာ တထပ်ထဲဖြစ်ကြောင်းကို ဓမ္မဟောင်းကာလမှာကထဲက ပုံဆောင်ချက်တွေနဲ့ ဖေါ်ပြထားပြီးဖြစ်ပါတယ်။ ဓမ္မဟောင်းကာလက အစ္စရေးနိုင်ငံဟာ အသင်းတော်ဖြစ်ပါတယ်၊ သတေဖန်က ဂျူးခေါင်းဆောင်တွေထံမှာ ပြောခဲ့တဲ့စကားထဲမှာ ဒီလိုခေါ်ပါတယ်၊ "တော၌ရှိသောအသင်းတော်" (တမန် ၇း၃၈)။ ဓမ္မဟောင်းခေတ်ကအသင်းတော်ရဲ့ အဓိကအသက်သွေးကြောဟာ ဗိမ္မာန်တော်ဘဲဖြစ်တယ်။ အဲဒီ ဗိမ္မာန်တော်မှာ ဘုရားသခင်ဟာ သူ့လူတွေနဲ့ အတူတူ နေတော်မူပါတယ်။ အစ္စရေးတို့ဟာ သူတို့ဘဝတွေကို ဗိမ္မာန်တော်တဝိုက်မှာတည်ဆောက်ကြပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဘုရားသခင်က ဇိအုန်တောင်(ဗိမ္မာန်တော်တည်ရာ)ကို သူနေတဲ့နေရာအဖြစ် ရွေးချယ်တော်မူလို့ပါ။ ပြီးတော့ သူ့လူတွေကို သူနဲ့အတူ ဗိမ္မာန်တော်မှာနေဖို့ ခေါ်ဖိတ်လို့ပါဘဲ။ အစ္စရေးလူတို့ရဲ့ အသင်းတော်အ

နေနဲ့ အသက်ရှင်ခြင်းရဲ့ ဗဟိုနှလုံးသားဖြစ်ခြင်းကတော့ ဘုရားသခင်ဟာ သူ့လူတွေနဲ့အတူတူ နေထိုင်တော်မူတယ် ဆိုတဲ့အချက်ဘဲ ဖြစ်ပါတယ်။

ဘုရားသခင်ရဲ့ အံ့ဩစရာကောင်းလှတဲ့ လုပ်ဆောင်တော်မူချက်တို့အရ၊ ဓမ္မဟောင်းကာလက ဗိမ္မာန်တော်ဟာ ရုပ်ပုံကားချပ်၊ ပုံဆောင်ချက်၊ နိမိတ်ပုံ ဖြစ်ပါတယ်။ ဘုရားသခင်ဟာ သူ့ရဲ့လူတွေနဲ့ ပဋိညာဉ်ပြုတော်မူတယ်၊ အဲဒီပဋိညာဉ်အားဖြင့် သူဟာသူ့လူတွေနဲ့ အတူနေတော်မူတယ်၊ ပြီးတော့ သူ့လူတွေကို သူနဲ့အတူနေထိုင်ဖို့ ခေါ်တော်မူတယ် ဆိုတဲ့အမှန်တရားတွေကို ပုံဆောင်ဖော်ပြရာဖြစ်တယ်။ ဒါပေမဲ့ ဗိမ္မာန်တော်ဆိုတာ ပဋိညာဉ်ရဲ့ ပုံဆောင်ချက်တခုမျှသာဖြစ်တဲ့အတွက်၊ ဗိမ္မာန်တော်သက်သက်ကတော့ ပဋိညာဉ်တရားရဲ့ပြည့်စုံခြင်း ဘယ်လိုမှမဖြစ်နိုင်ခဲ့ပါဘူး။ ဗိမ္မာန်တော်ဟာ ပုံဆောင်ချက်တခုမျှသာဖြစ်ပါတယ်၊ ဘာလို့လဲဆိုတော့ ဗိမ္မာန်တော်ရဲ့အသန့်ရှင်းဆုံးအခန်းမှာနေတော်မူလို့ပါဘဲ။ အဲဒီနေရာဟာ ဝတ်ပြုရာအခန်းထဲက အနက်ရှိုင်း(အစွန်ဆုံး)နေရာမှာရှိပါတယ်။ အစ္စရေးတို့ ဝင်ခွင့်မရပါ၊ သူတို့ဟာ ဝတ်ပြုရာအပြင်ပိုင်းနေရာကိုသာ ဝင်ခွင့်ရကြပါတယ်။ ဆိုလိုဒါကတော့ ရှုထောင့်တခုကနေကြည့်ရင် ဘုရားသခင်နဲ့သူ့လူတို့ဟာ ပဋိညာဉ်မိတ်သဟာယအတွင်းမှာ အတူတူနေကြတယ်လို့ ပြောချင်တာဖြစ်တယ်၊ ဘာလို့လဲဆိုတော့ တအိမ်ထဲမှာ၊ တမိုးအောက်မှာ အတူတူနေကြတာကိုး။

ဒါပေမဲ့ အဲဒီလိုနေခြင်းဟာ တချိန်ထဲမှာ ပုံဆောင်ချက်ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ သခင်ယေရှုခရစ်တော်၌ပြည့်စုံခြင်းဆိုတာ ရောက်မှမလာသေးဘဲ။ ဒါကြောင့် အတူတူနေကြတယ်ဆိုပေမဲ့ ဘုရားသခင်နဲ့သူ့လူတွေဟာ တကယ့်ကိုနီးကပ်အောင်တော့ မနေနိုင်ခဲ့ကြပါဘူး။ ဘာနဲ့တူသလဲဆိုတော့၊ လူငယ်တယောက်၊ ကလေးမတယောက်နဲ့ လက်ထပ်ကြတာနဲ့တူပါတယ်။ လက်တော့ထပ်ပြီးပြီ၊ အိမ်တအိမ် တမိုးအောက်မှာလဲ အတူတူနေကြပြီ၊ ဒါပေမဲ့ ဇနီးဖြစ်သူက အိမ်ရဲ့ ဟိုးဖက်အစွန်က အခန်းမှာနေတယ်၊ ခင်ပွန်းဖြစ်သူကလည်း နောက်တဖက်စွန်းကအခန်းမှာနေတယ်။ သူတို့နှစ်ယောက် အတူတူမအိပ်ကြဘူး၊ သူတို့နေကြတဲ့အခန်းတွေကြားမှာ တခြားအခန်းတွေအများကြီးက ကြားခံနေကြတယ်။ အဲဒီလိုပုံစံမျိုး ဖြစ်ခဲ့ပါတယ်။

အဲဒါဟာ ဓမ္မဟောင်းကာလကပုံစံဘဲဖြစ်တယ်။ ဘုရားသခင်ဟာ အသန့်ရှင်းဆုံးအခန်းကို ပြည့်နေစေတဲ့ မိုးတိမ်ကြားမှာ နေတော်မူတယ်၊(နှစ်ပေါင်းလေးဆယ်၊ အစ္စရေးတို့ကို သဲကန္တာရထဲမှာ ဦးဆောင်တဲ့ မိုးတိမ်တိုင်ဟာ အဲဒီတိမ်ဘဲဖြစ်တယ်၊ သခင်ခရစ်တော် ကောင်းကင်ကို တက်ကြွတဲ့အခါမှာ၊ သခင်ခရစ်တော်ကို ဆောင်ယူသွားတဲ့ မိုးတိမ်ဟာလဲ အဲဒီတိမ်ဘဲဖြစ်တယ်)။ ဘုရားသခင်က သူရှိတော်မူတယ်ဆိုတဲ့အကြောင်းကို ပြတော်မူတဲ့ အဲဒီနိမိတ်လက္ခဏာဟာ အသန့်ရှင်းဆုံးအခန်းမှာဖြစ်တယ်။ အစ္စရေးလူတို့ကတော့ အပြင်ခန်းမှာဖြစ်ပါတယ်။ ဘုရားသခင်နဲ့ သူ့ရဲ့လူတွေကြားမှာ ထူးထဲလှတဲ့ကုလားကာကြီးကို ချထားပါတယ်။ ပြီးတော့ အမွေးနံ့သာတွေကိုမီးရှို့ရတဲ့ယဇ်ပလ္လင်၊ ရှေ့တော်မုန့်ထားရာစားပွဲ၊ ဖယောင်းတိုင်များမီးထွန်းရာတိုင်၊ ယဇ်ပုရောဟိတ်နွယ်လေဝိလူများ၊ မီးရှို့ရာယဇ်ပူဇော်သော ယဇ်ပလ္လင်စတာတွေရှိနေကြတယ်။ အဲဒါတွေက ခြားထားပါတယ်။ အပြစ်ဖြေရာအသွေးတော်ကို မသွန်းလောင်းရသေးပါဘူး။ အဲဒါကို ယဇ်ပူဇော်ခြင်းတွေမှာ ကြိုတင်ပြနေပါတယ်။ ဒါပေမဲ့ အစ္စရေးတို့ဟာ ဘုရားသခင်ရဲ့အနီးကို တကယ်တမ်း ကပ်လို့မရခဲ့ပါဘူး။ အပြစ်ဖြေခြင်းကို တကယ်လုပ်ပြီးခါမှ ကပ်လို့ရမှာဖြစ်တယ်။

အဲဒါဟာ ပဋိညာဉ်မိတ်သဟာယကို ပုံဆောင်ဖော်ပြခြင်းလို့ခေါ်ပါတယ်၊ အဲဒီမိတ်သဟာယအားဖြင့် ဘုရားသခင်ဟာ သူ့အသင်းတော်ထဲမှာ နေထိုင်ခဲ့တာဖြစ်တယ်။ အသင်းတော်ဟာ သူ့ရဲ့ဖြစ်တည်မှုအတွက် ဗိမ္မာန်တော်ကို မှီခိုခဲ့ရပါတယ်။ ဗိမ္မာန်တော်ကို ဖျက်ဆီးခံရတဲ့အချိန်မှာ အစ္စရေးဟာ အသင်းတော်အဖြစ်တည်ရှိမှုကနေ အဆုံးသတ်သွားတာဖြစ်တယ်။ ရည်ရွယ်ချက်တွေ၊ ရည်မှန်းချက်တွေ ပြီးဆုံးခဲ့ပြီဖြစ်တယ်၊ ဒါကြောင့် အဲဒီနိုင်ငံဟာ မယုံကြည်သူတိုင်းပြည်တွေကြားမှာ ကွဲလွင့်သွားခဲ့ကြတာဖြစ်တယ်။

**သခင်ခရစ်တော်၌ပုံဆောင်ချက်များအဆုံးသတ်ခြင်း**

ကျွန်တော်တို့သခင်ယေရှုရဲ့ အမှုတော်ဆောင်ခြင်းအစပိုင်းမှာ အရမ်းစိတ်ဝင်စားစရာကောင်းတဲ့၊ အရေးလည်းအရမ်းကြီးတဲ့ အဖြစ်အပျက်တခုဖြစ်သွားခဲ့ပါတယ်၊ ကျွန်တော်တို့အတွက် ယောဟန် ၂ မှာ မှတ်တမ်း တင်ပေးထားပါတယ်။ ကျွန်တော်ပြောနေတာ ပဿခါပွဲအချိန်မှာ သခင်ယေရှုခရစ်တော်က

ဗိမ္မာန်တော်ကို သန့်ရှင်းခဲ့တဲ့အဖြစ်အပျက်ဖြစ်တယ်။ နှစ်ကြိမ်တိတိ သန့်ရှင်းခဲ့ပါတယ်။ ဗိမ္မာန်တော်မှာ ရောင်းဝယ်ရေးတွေလုပ်ပြီး၊ ဘုရားသခင်ရဲ့အိမ်တော်ကို စည်းပွားရှာတဲ့နေရာဖြစ်အောင်လုပ်နေတဲ့သူတွေကို ရှင်းပစ်တာဖြစ်တယ်။ အဲဒီလိုရှင်းပစ်တာဟာ ပထမအကြိမ်က သူ့ရဲ့အမှုတော်ဆောင်ခြင်းစတဲ့အချိန်မှာဖြစ်ပြီး၊ ဒုတိယအကြိမ်ကတော့ အမှုတော်ဆောင်ခြင်းအဆုံးသတ်တဲ့အချိန်မှာဖြစ်ပါတယ်။ ဘာနဲ့တူသလဲဆိုတော့၊ အမှုတော်အစပျိုး တရားဒေသနာဟောခြင်းနဲ့၊ အမှုတော်ဆောင်မှုအနားယူဖို့ နုတ်ဆက်ဒေသနာ ဟောကြားတာနဲ့ အတော်ဆင်တူပါတယ်။

အဲဒီလို ဗိမ္မာန်တော်ကို သန့်ရှင်းပစ်တာကြောင့် ဂျူးလူမျိုးခေါင်းဆောင်တွေ သူ့အပေါ်မှာအရမ်းဒေါသထွက်ကြပါတယ်။ အတော်လေးမျက်နှာပျက်ကြရလို့ ဒေါသထွက်ကြတာဖြစ်မယ်လို့ ကျွန်တော်ယူဆပါတယ်။ ဂျူးလူမျိုးတွေရှေ့မှာ သူတို့ကို အရှူးအပေါ်တွေလို့ အထင်ခံရအောင်ဖြစ်နေတာကိုး။ ဒ့ါထက်ဆိုးတာရှိသေးတယ်၊ အဲဒီလိုလုပ်ခြင်းဖြင့်၊ သူတို့ရဲ့အာဏာဟာ ဂျူးနိုင်ငံအပေါ်မှာ ဘယ်လောက်သက်ရောက်မှုရှိသလဲဆိုတာကို လာစိမ်ခေါ်နေသလိုဖြစ်နေပါတယ်။ ဒ့ါကြောင့် သူတို့ သခင်ယေရှုထံလာပြီး မေးခွန်းထုတ်ပါတယ်၊ “မင်းကိုဘယ်သူက အာဏာပေးလို့ ဒီလိုလုပ်ရတာလဲ။ ဘုရားသခင်က ဗိမ္မာန်တော်ထဲမှာ တာဝန်ယူဖို့ ဘယ့်သူ့ကို တာဝန်ပေးထားတာလဲ။ မင်းက ငါတို့ကို မောင်းထုတ်တယ်ဆိုတော့၊ မင်းက ငါတို့ထက် အာဏာရှိတယ်လို့ ပြောချင်တာလား။ ငါတို့ထက်ပိုပြီး အာဏာရှိရအောင် ဘယ်လိုအာဏာမျိုးကခိုင်းတာလဲ။ ဗိမ္မာန်တော်ထဲမှာ ဘာတွေလုပ်ရမယ်၊ ဘာတွေမလုပ်ရဘူးဆိုတာမျိုးကို ဆုံးဖြတ်ရအောင် မင်းကို ဘယ်သူကအခွင့်ပေးတာလဲ။”

အဲဒီမေးခွန်းကို သခင်ဘုရားက လန့်စရာကောင်းလှတဲ့အဖြေ ပေးခဲ့ပါတယ်။ ပထမကြည့်လိုက်ရင် မေးခွန်းနဲ့ ဘာမှမဆိုင်သလို ထင်ရပါတယ်။ ဂျူးတွေကိုဒီလိုပြောတာကိုး၊ “ဒီအာဏာနဲ့ ငါ ဗိမ္မာန်တော်ကို သန့်ရှင်းရေးလုပ်တာဖြစ်တယ်၊ ဒီဗိမ္မာန်တော်ကို ဖြိုချလိုက်၊ သုံးရက်အတွင်း ငါပြန်ဆောက်မယ်။” ဂျူးတွေက သခင်ယေရှုပြောနေတာကို နားမလည်သလို ဟန်ဆောင်နေကြတယ်လို့ ခင်ဗျားထင်ရင် မှားသွားမယ်။ သူတို့က သခင်ယေရှုကို ပြောင်လှောင်ကြပါတယ်။ “အိုး၊ မင်းက ဒီဗိမ္မာန်တော်ကြီးကို သုံးရက်နဲ့ပြန်ဆောက်မယ်။ ဒါကြီးကို (၄၆)နှစ်တောင် မနဲပြီးအောင်ဆောက်ရတာ။ မင်းကိုမင်း ဘာများထင်နေလို့ သုံးရက်ထဲနဲ့ပြန်ဆောက်မယ်လို့ ပြောရတာလဲ။” ဒါပေမဲ့ သူတို့လှောင်သာလှောင်နေကြတာ၊ အတော်လေး မသက်မသာခံနေကြပါတယ်။ သခင်ခရစ်တော်ရဲ့စကားတွေဟာ သူတို့စိတ်ထဲမှာ အတော်ဆိုးဝါးစွာ တွယ်ကပ်နေကြပါတယ်။ အဲဒါကြောင့် နောက်ဆုံး သခင်ခရစ်တော် လက်ဝါးကပ်တိုင်ပေါ်မှာ တွဲလောင်းဆွဲပြီးအသတ်ခံရတဲ့အခါမှာ၊ အမှုတော်ဆောင်စပြောခဲ့တဲ့ အဲဒီစကားတွေကို တလုံးမှ မမေ့ကြသေးပါဘူး၊ ဒ့ါကြောင့် သူ့ကို ဒီလို ထက်ပြောကြပါတယ်၊ “အိုး၊ ဗိမ္မာန်တော်ကြီးကို ဖျက်ပစ်မယ့်သူကြီး၊ ကိုယ့်ကိုယ်ကို ပြန်ကယ်ပါဦးလား။” သူတို့နားလည်ကြပါတယ်၊ အားလုံးမဟုတ်ရင်တောင်၊ ကျောက်စရာကောင်းတယ် ဆိုတဲ့အဆင့်ထိတော့ နာလည်ခဲ့ကြပါတယ်။

ယောဟန်က သခင်ယေရှုရဲ့စကားလုံးတွေရဲ့အဓိပ္ပါယ်ကို ဒီလိုရှင်းပြပါတယ်။ “သူသည်၊ သူ၏ခန္ဓာကိုယ်တည်းဟူသော ဗိမ္မာန်တော်ကို ရည်ညွှန်းပြောဆိုနေခြင်းဖြစ်သည်” ယော ၂း၂၁။

ဒီနေရာမှာ ပဋိညာဉ်အိုင်ဒီယာ ရှိနေပါတယ်။ အဲဒီ ဗိမ္မာန်တော်အိုကြီးဟာ၊ ဘုရားသခင် သူ့လူတွေနဲ့အတူ တမိုးအောက်မှာ အတူနေကြတယ်ဆိုတာကို ပုံဆောင်နေတာဖြစ်တယ်။ ဒါပေမဲ့ အရှိတရား မဟုတ်သေဘူး။ ဘုရားသခင်ဟာ သူ့လူတွေနဲ့ တမိုးအောက်မှာဖြစ်ပေမဲ့ အရမ်းဝေးနေသေးတယ်။ တကယ့်ရင်းနှီးတဲ့ပုံစံမဟုတ်သေးဘူး။ ကြွယ်ဝလှတဲ့ လက်ထပ်ခြင်း မိတ်သဟာယပုံစံကို မရောက်သေးဘူး။ ဘာလို့လဲဆိုတော့ အပြစ်ဖြေခြင်းအသွေးတော်ကို မသွန်းလောင်းရသေးလို့ဘဲဖြစ်တယ်။

သခင်ဘုရားက သူ့ထံမှာ ဗိမ္မာန်တော်ကိုကြိုက်သလိုလုပ်နိုင်တဲ့ အာဏာရှိတယ်လို့ ကြေညာပါတယ်။ “ဒီဗိမ္မာန်တော်အိုကြီးကို ငါကြိုက်သလိုလုပ်လို့ရတယ်၊ ဘာလို့လဲဆိုတော့ငါ့ကိုယ်ခန္ဓာဟာတကယ့်ဗိမ္မာန် တော်ဖြစ်လို့ဘဲ၊ အဲဒီဗိမ္မာန်တော်အိုကြီးဟာ၊ ငါ့ကိုယ်ခန္ဓာကို ပုံဆောင်ယုံသက်သက်ဘဲ။ အဲဒီဗိမ္မာန်တော်အိုဟာ ငါ့ဟာဘဲ၊ ဘာလို့လဲဆိုတော့ ငါ့ရဲ့အရိပ်ပုံအဖြစ်၊ ဓမ္မဟောင်းကာလတလျှောက်မှာ ငါကဘဲ အရိပ်ထိုးစေခဲ့တာဖြစ်တယ်။ ဒါကို ငါပိုင်တယ်၊ ဒ့ါကြောင့် ငါကြိုက်တာလုပ်လို့ရတယ်။ ငါကျေနပ်သလို လုပ်မယ်။ ကောင်းကင်ဘုံမှာရှိတဲ့ ငါ့ခမည်းတော်စိတ်ကြိုက်ငါလုပ်မယ်။ မင်းတို့ဂျူးတွေ၊ ဒ့ါကြောင့် ငါ့ကိုမုန်းကြတယ်၊ သတ်တောင် သတ်ချင်ကြတယ်၊ ဒီဗိမ္မာန်တော်ကို ဖျက်ဆီးကြမှာ

လား။ မင်းတို့ကြိုက်သလို ဖျက်ပစ်ပေါ့၊ ငါ သေခြင်းကပြန်ထမြောက်တဲ့အခါမှာ၊ ဘုရားသခင်ရဲ့စစ်မှန်တဲ့ ဗိမ္မာန်တော်ဟာ ပြန်တည်ဆောက်မှာဖြစ်တယ်။”

**ဘုရားသခင်၏ဗိမ္မာန်တော်စစ်သည်အသင်းတော်ဖြစ်သည်**

ဗိမ္မာန်တော်ကို သန့်ရှင်းခြင်းဟာ သခင်ယေရှုခရစ်တော်ရဲ့ အသက်တာမှာ အတော်အံ့သြစရာကောင်းတဲ့ အဖြစ်အပျက်ပါဘဲ။ အဲဒါကို သူ့အမှုတော်ဆောင်ခြင်းရဲ့အစမှာ သူလုပ်ရတာဟာ၊ လက်ဝါးကပ်တိုင်မှာအသေခံခြင်း၊ သေခြင်းမှပြန်လည်ထမြောက်ခြင်း စတာတွေမှာ အထွဋ်အထိတ်ရောက်မဲ့၊ သူ့ရဲ့ အမှုတော်ဆောင်ခြင်းတလျှောက်လုံးဟာ ဘုရားသခင်ရဲ့ဗိမ္မာန်တော်ကို ဆောက်နေတာဘဲလို့ ကျွန်တော်တို့ကို အလေးအနက် သိစေချင်လို့ဖြစ်တယ်။ စစ်မှန်တဲ့ဗိမ္မာန်တော်၊ ဘုရားသခင်က သူ့လူတွေနဲ့ အတူတူ ပင်္ဂိုညာဉ်မိတ်သဟာယအားဖြင့် နေထိုင်မဲ့ ဗိမ္မာန်တော်ကို တည်ဆောက်နေတာဘဲဖြစ်တယ်။ သခင်ခရစ်တော်ဟာ ဘုရားသခင်ရဲ့ဗိမ္မာန်တော်ဖြစ်တယ်။ အပြစ်အတွက် ပြည့်စုံသောယဇ်ကို ပူဇော်ခဲ့ပြီ ဖြစ်တယ်။ နွားတွေ၊ ဆိတ်တွေရဲ့သွေးတွေ မလိုတော့ဘူး။ ဗိမ္မာန်တော်အိုမှာ ကာထားတဲ့ ကုလားကာ အထက်ကနေအောက်အထိ ပြဲသွားခဲ့ပြီဖြစ်တယ်။ ခရစ်တော်ဟာ အသန့်ရှင်းဆုံးအခန်းထဲကို ဝင်သွားပြီ၊ ကျွန်တော်တို့ကို သူနဲ့အတူ ခေါ်သွားခဲ့ပြီ။ မြေကြီးပေါ်က ယေရုရှလင်မှာရှိတဲ့ ပုံဆောင်ချက်ဗိမ္မာန်တော်ထဲက အသန့်ရှင်းဆုံးခန်းကို မဟုတ်ဘူး၊ တကယ့်ကောင်းကင်ဘုံရဲ့အတွင်းခန်း၊ ဘုရားသခင်ကိုယ်တိုင်နေတော်မူတဲ့ နေရာကို ဖြစ်ပါတယ်။

ပင်္ဂိုညာဉ်ရဲ့ပြည့်ဝသောမိတ်သဟာယဖွဲ့မှုကို ခရစ်တော်ထံမှာသာ ရနိုင်ပါတယ်။ ပေါလုက သူ့ရဲ့ ကောလောသဲသြဝါဒစာမှာ အသင်းတော်ရဲ့ဦးခေါင်းဖြစ်တဲ့ သခင်ခရစ်တော်ရဲ့ကြီးမြတ်လှတဲ့ ဘုန်းအသရေကို ဒီလိုပြောပါတယ်၊ “ဘုရားသခင်၏ ဇာတိအဖြစ်တော်၏ ပြည့်စုံခြင်းအပေါင်းသည် ခရစ်တော်၌ ကိုယ်ထင်ရှား၍ ကျိန်းဝပ်တော်မူ၏” (ကော ၂း၉)။ ဒီကျမ်းပိုဒ် ရဲ့စကားတလုံးစီဟာ အရေးကြီးပါတယ်။ ခရစ်တော်ထံမှာ ဘုရားရဲ့ဇာတိအဖြစ်တော် ပြည့်စုံလျှက်ရှိနေတယ် - သုံးပါးတဆူဘုရား - ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော် တို့ရဲ့ပြည့်စုံသောဘုရားအဖြစ်နေထိုင်ခြင်းနဲ့ဘုန်းအသရေဟာ ခရစ်တော်ထဲမှာ ရှိနေတယ်။ သူ့ထံမှာ ဖွင့်ပြနေတယ်။ သူ့အားဖြင့်ဖွင့်ပြနေတယ်။ သူ့အထဲမှာရှိနေတယ်။ ဘယ်လိုပုံစံနဲ့ရှိနေတာလဲဆိုတာကို ပေါလုက ခရစ်တော်ရဲ့ကိုယ်ခန္ဓအထဲမှာလို့ပြောပါတယ်။

ခရစ်တော်ရဲ့ကိုယ်ခန္ဓာဆိုတာ ဘယ်သူ့ကိုပြောတာလဲ။ အသင်းတော်ဖြစ်တယ်၊ ကျမ်းစာတအုပ်လုံးက ပြောနေတယ်။ ခရစ်တော်ဟာ တစ် ဖြစ်တယ်။ သူ့ထံမှာ ဘုရားသခင်ရဲ့ပြည့်စုံခြင်းအလုံးစုံ ရှိနေတယ်။ ဒါကြောင့် အသင်းတော်ထဲမှာ ဘုရားသခင်ရဲ့အလုံးစုံဟာ ရှိနေတယ်။ အဲဒီလိုနဲ့ သခင်ခရစ်တော်ဟာ ဘုရားသခင်နဲ့သူ့ရဲ့အသင်းတော် အနီးကပ်နိုင်ဆုံးနီးကပ်အောင် မိတ်သဟာယဖွဲ့ရာ နေရာဖြစ်လာပါတယ်။ ဘယ်လောက်တောင်နီးကပ်လှသလဲဆိုရင်၊ ရှင်ပေတရုက ကျွန်တော်တို့ အမြဲတမ်း အံ့သြရတဲ့စကားနဲ့ အဲဒီအချက်ကို ပြောပါတယ်၊ ကျွန်တော်တို့ဟာ “ဘုရားပကတိကို ဆက်ဆံရသောသူများ ဖြစ်ကြသည်” (၂ပေ ၁း၄ partakers of the divine nature)။ အဲဒီကျမ်းပိုဒ်ကို ကျွန်တော် တရားမဟောရဲဘူး။ ဘာကိုဆိုလိုသလဲဆိုတာကို သေချာမသိဘူး။ ဒါပေမဲ့ အဲဒီကျမ်းပိုဒ်က ဘုရားသခင်နဲ့သူ့လူတွေဟာ သခင်ယေရှုခရစ်တော်ထံမှာ ဘယ်လောက်တော်မှနီးကပ်စွာနေကြသလဲဆိုတာကို ဖေါ်ပြနေတယ် ဆိုတဲ့အထိဘဲ နားလည်နိုင်ပါတယ်။ အဲဒီလိုအားဖြင့် ဘုရားသခင်နဲ့ သူ့လူတွေဟာ ဘုရားသခင်ရဲ့တကယ့်ဗိမ္မာန်တော်အစစ်မှာ ပင်္ဂိုညာဉ်မိတ်သဟာယဖွဲ့လို့ နေထိုင်ကြပါတယ်၊ ခရစ်တော်၌ အသင်းတော်ဟာ ဘုရားသခင်နဲ့ ပင်္ဂိုညာဉ်ဖွဲ့နေထိုင်းခြင်း ဖြစ်ပါတယ်။

သခင်ခရစ်တော်ဟာ ဘုရားသခင်ရဲ့ပင်္ဂိုညာဉ်ကို လက်တွေ့ဖြစ်လာစေဖို့၊ သူ့ရဲ့အသင်းတော်ကို ဒီကမ္ဘာအလည်မှာ တည်ထောင်မူပါတယ်။ အသင်းတော်ဟာ ပင်္ဂိုညာဉ်လူအဖွဲ့အစည်းတခုဖြစ်တယ်။ အသင်းတော် ဆိုတာ ဘုရားသခင့်ပင်္ဂိုညာဉ်လူတစုနဲ့ဖွဲ့စည်းထားတာဖြစ်တယ်။ အသင်းတော်ဆိုတာ ဘုရားသခင်ဟာ သူ့လူတွေနဲ့ပင်္ဂိုညာဉ်ပြုတော်မူတယ်ဆိုတာကို ပြဖို့ရည်ရွယ်ချက်နဲ့ တည်ထောင်ထားတာဖြစ်တယ်။ ဒါတင်မကသေးပါဘူး၊ ဖွဲ့စည်းထားသောအသင်းတော်ဟာ၊ သူ့ရဲ့အသင်းသူ/သားတွေနဲ့၊ အမှုတော်ဆောင်တွေနဲ့၊ လှုပ်ရှားအသက်ရှင်နေတဲ့အသင်းတော်ဟာ ဘုရားသခင် သူ့ရဲ့ပင်္ဂိုညာဉ်ကို အကောင်အထည်ဖေါ်ဖို့ အသုံးပြုတဲ့ နည်းလမ်း ဖြစ်ပါတယ်။

**ပဋိညာဉ်အတွက် အသင်းတော်အရေးကြီးခြင်း**

အသင်းတော်ရဲ့ဝတ်ပြုကိုးကွယ်ခြင်းအားဖြင့် ဘုရားသခင်ရဲ့လူတွေဟာ ဘုရားသခင်နဲ့ပအတူ ပဋိညာဉ်မိတ်သဟာယထဲ ဝင်ရောက်ကြပါတယ်။ အဲဒီနေရာမှာ ဘုရားသခင်ဟာ သူ့လူတွေနဲ့အတူ နေထိုင်ဖို့ ဆင်းသက်တော်မူပါတယ်။ ဘုရားသခင်ဟာ သူ့လူတွေကို ဝတ်ပြုပွဲမှာ စကားပြောတယ်၊ သူ့လူတွေက သူ့ကို ပဋိညာဉ်မိတ်သဟာယရဲ့ သန့်ရှင်းသောစကားပြောခြင်းဖြင့် ပြန်ပြောကြပါတယ်။ သူ့လူတွေထံမှာ ဘုရားသခင်ဟာ သူ့လျှို့ဝှက်ချက်ကိုပြောတော်မူပါတယ် (ဆာလံ ၂၅း၁၄)၊ ပြီးတော့ သူ့လူတွေက ချီးမွမ်းခြင်းဖြင့် ပြန်တုန့်ပြန်ပါတယ်။

အသင်းတော်ဟာ ဘုရားသခင့်ပဋိညာသ်လူတွေရဲ့ မိခင်ဖြစ်ပါတယ်။ အသင်းတော်ဟာ သူ့ပဋိညာဉ်လူတွေကို မွေးထုတ်ပေးဖို့ ဘုရားသခင်ကအသုံးပြုတဲ့ နည်းလမ်းဖြစ်တယ်။ အဲဒါက ဘာကိုပြောသလဲဆိုတော့ အသင်းတော်အားဖြင့် ဘုရားသခင်ဟာ သူ့ပဋိညာဉ်လူတွေကို ပြုလုပ်ပါတယ်၊ အသစ်ပြုပြင်ပြောင်းလဲစေတော်မူတယ်၊ သူ့သားတွေသမီးတွေဖြစ်အောင် အသစ်ပြုပြင်ခြင်းဖြစ် ဖြစ်လာစေတယ်။ ဘုရားသခင်ဟာ သူတို့ကို သူ့မိသားစုထဲ ယူဆောင်တော်မူတယ်။ ဘုရားသခင်ကိုယ်တော်တိုင်က သူတို့ကို ဒုတိယမွေးခြင်းဖြင့် မွေးဖွားတော်မူပြီး၊ ဘုရားသခင်ရဲ့သားသမီးတွေဖြစ်လာစေလျှက်၊ သူဟာ သူတို့ရဲ့ ဖခင်ဖြစ်လာတော်မူစေတယ်။ အဲဒါဟာ အသင်းတော်ကဟောကြားတဲ့ ဧဝံဂေလိနုတ်ကပတ်တော်အားဖြင့် ဘုရားသခင်ရဲ့လူတွေဟာ အသစ်သောအသက်တာကို ပြန်ရှင်ကြတာဖြစ်တယ်။ သူတို့အထဲမှာ ရှိနေပြီဖြစ်တဲ့ အသစ်ပြုပြင်ခြင်းတန်ခိုးက ဆက်ပြီးတော့ တိုးတက်ကြီးထွားလာစေပါတယ်။ ယုံကြည်ခြင်းဟာ သူတို့ထဲမှာ အလုပ်လုပ်နေပြီဖြစ်တယ်။ ဒါကြောင့် ခရစ်တော်ကို သူတို့ကယ်တင်ရှင်အဖြစ်၊ တလုံးတဝထဲ ဖြစ်လာပါတယ်။ ဒါကြောင့် အသင်းတော်ဟာ ပဋိညာဉ်တည်ထောင်ဖို့၊ အကောင်အထည်ပေါ်လာဖို့ မရှိမဖြစ်သောအရာဖြစ်ပါတယ်။

ဟိုက်ဒဲလ်ဘာ့(ဂ်)အမေးအဖြေ သခင်ဘုရားရဲ့နေ့(၂၁)က မေးခွန်း(၅၄)မှာ၊ အသင်းတော်အကြောင်းကို ဆွေးနွေးထားပြီးတော့၊ တမန်တော်များယုံကြည်ချက်က စာပိုဒ်တပိုဒ်ကို အဓိပ္ပါယ်ဖွင့်ဆိုပါတယ်၊ “သခင်ခရစ်တော်၏ သန့်ရှင်းသောကမ္ဘာလုံးဆိုင်ရာ အသင်းတော်နှင့်ပတ်သက်၍ သင် မည်သည်များကို ယုံကြည်ပါသနည်း?” အဲဒီမေးခွန်းရဲ့အဖြေကို ဒီလိုစကားလုံးတွေနဲ့ဖြေထားပါတယ်။ “ထာဝရအသက်ကို ရဖို့ရန် လူသားတရပ်လုံးမှနေ၍ ရွေးကောက်ထားသော၊ စစ်မှန်သောယုံကြည်ခြင်း၌ သဘောတူညီလျှက်ရှိသော အသင်းတော်ကို ဘုရားသခင်၏သားတော်သည် သူ၏ဝိညာဉ်တော်နှင့် နှုတ်ကပတ်တော်အားဖြင့်၊ ကမ္ဘာအစမှအဆုံးတိုင် သူထံသို့ စု စည်း၏၊ ကွယ်ကာ၏၊ စောင့်ရှောက်တော်မူ၏၊ ထိုအသင်းတော်၌ ကျွန်ုပ်သည် အသက်ရှင်သော အသင်းသားတယောက်အဖြစ် ထာဝရကာလတိုင်အောင် ရှိနေမည်ဖြစ်သည်။” ဘုရားသခင်ဟာ သူ့ရဲ့အသင်းတော်ကို စုစည်းတော်မူတယ်၊ ကာကွယ်တယ်၊ သူ့ဝိညာဉ်တော်နဲ့နှုတ်ကပတ်တော်အားဖြင့် စောင့်ရှောက်ထိန်းသိမ်းတော်မူပါတယ်။ အမေးအဖြေက ကျမ်းစာက ရှင်းလင်းစွာ ပြောသလိုဘဲ၊ နှုတ်ကပတ်တော်ဆိုတာ၊ ထာဝရဧဝံဂေလိတရားတော်ရဲ့ နှုတ်ကပတ်တော်ဖြစ်တယ်လို့ ပြောနေပါတယ်။ အသစ်သောအသက်တာရဲ့တန်ခိုးဖြစ်တယ်။ အဲဒီတန်ခိုးအားဖြင့် ဘုရားသခင်ရဲ့မိသားစုဟာ တကယ်ဖြစ်လာတယ်။ အနန္တတန်ခိုးတော်ရှင်ဘုရားသခင် ပြောတော်မူတဲ့ အဲဒီနှုတ်ကပတ်တော်ကို အသင်းတော်ရဲ့ ဧဝံဂေလိတရားကတဆင့် ပြောတာဖြစ်တယ်။ အဲဒီစကားတော်ကြောင့် ရွေးကောက်ခံရတဲ့အသင်းတော်ဟာ မှောင်မိုက်ထဲကနေ အလင်းတော်ထဲရောက်လာပြီး၊ သခင်ခရစ်တော်အားဖြင့် သူ့နဲ့မိတ်သဟာယဖွဲ့ဖို့ သူကိုယ်တိုင်က ခေါ်တော်မူပါတယ်။ အဲဒါဟာ အသင်းတော်ကို သူပေးထားတဲ့တာဝန်ဘဲဖြစ်တယ်။

ပဋိညာဉ်ကို တည်ထောင်ဖို့သာ အသင်းတော်ဟာ လိုအပ်တာမဟုတ်ပါဘူး။ ပဋိညာဉ်ကို တည်မြဲဖို့ ထိန်းသိမ်းစောင့်ရှောက်ရာမှာလဲ အသင်းတော်ဟာ မရှိမဖြစ်ပါဘဲ။ ကျွန်တော်တို့ အဓိကထားနေတဲ့ ခေါင်းစဉ်က - ဘုရားသခင်၏ပဋိညာဉ်ကိုစောင့်ရှောက်ခြင်း -ဖြစ်ပါတယ်။ ဘုရားသခင်ရဲ့ပဋိညာဉ်ကို စောင့်ရှောက်ခြင်းဟာ ကျွန်တော်တို့ရဲ့ တာဝန်ဝတ္တရားဘဲဖြစ်ပါတယ်။ အခုကတည်းက ကျွန်တော်ပြောချင်တာကတော့ အဲဒီလို ကျွန်တော်တို့ စောင့်ရှောက်နိုင်ရတာဟာ ဘာလို့ဖြစ်နိုင်သလဲဆိုတော့ အသင်းတော် ရှိနေလို့ပါဘဲ။ (နောက်တပတ်ဆက်ပါမည်)